
မိကိုရှူးဇင်
မိုးတိမ်ခတဲ့ရင်ခွင်ချို

# အခန်း(၁)

"မေကြီး"

"မေကြီး ..."

"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်လာတာလဲ"

"မေကြီး"

သားငယ် ...

မောနေသည် ။

ရုတ်တရက် စကားမပြောနိုင်။

"ဟို ... ဟို"

"ဒုက္ခပါပဲ ... ဘယ်သူနဲ့ ရန်ဖြစ်လာပြန်ပြီလဲ မသိဘူး၊ ငါတော့ သေသာသေလိုက်ချင်တော့ တာပဲ သားငယ်လေးရယ်"

နေရာတကာ ပြဿနာရှာတတ်တဲ့ သားငယ်လေး။

ခုလည်း ...

အသည်းအသန် အိမ်ပေါ်ပြေးတက်လာပြန်ပြီ။

မျက်နှာပေါ်မှာ လည်း ချွေးသီးချွေးပေါက်တွေ စို့လို့ ။

"နင် ... နင် ... ဘယ်သူ့ကိုထိုးလာခဲ့ပြန်ပြီလဲဟင်၊ မေကြီးကို မြန်မြ

န်ပြောစမ်း"

"ဟာ ... မကြီးကလည်း ဘယ်သူနဲ့ မှ ရန်မဖြစ်ပါဘူးဗျ၊ ဟိုဟာ ... ဟိုဘက်ခြံမှာ ..."

"ဟင် ... ဟိုဘက်ခြံမှာ ဘာဖြစ်လို့ လဲ"

"လူ ... လူသစ်တွေ ပြောင်း လာပြီ"

"ဘာ ..."

လူသစ်တွေ ... တဲ့ ။

ဟိုဘက်ခြံကို ပြောင်း လာပြီတဲ့ ။

"သားတို့ အရွယ် ကောင်မလေးတစ်ယောက်လည်း ပါလာတယ်ဗျ"

သားငယ်လေး ...

ပျော်ရွှင်နေသည် ။

မြူးတူးသွက်လက်နေသည် ။

အင်းလေ ...

ကစားဖော်တော့ လိုချင်ရှာမှာ ပေါ့။

"အောင်မယ်လေး သားငယ်လေးရယ်၊ မကြီးက ဘာများ ဖြစ်လာသလဲဆိုပြီး ရင်တုန်လိုက် ရတာ"

"မကြီး"

"ဘာလဲကွ"

"ကောင်မလေးက သိပ်ချစ်ဖို့ ကောင်းတာပဲ မကြီးရာ၊ ဂါဝန်အဖြူရောင်လေး ဝတ်ထားတာ၊ သိပ်ကြည့်လို့ ကောင်းတာပဲ"

"နင် သွားမရှုပ်နဲ့ နော်"

"ဗျာ"

"ပြီးရင် တည့်မှာ လည်း မဟုတ်ဘူး ၊ နင့်အကြောင်းကို မကြီးသိတယ်၊ နောက်ပြီးတော့ ဟိုက သူဌေးတွေ"

"ဂရုမစိုက်ပါဘူး"

"သွားလည်း မခေါ်နဲ့ "

"သူက လာခေါ်ရင် ဘယ်လိုလုပ်မလဲ"

"သူခေါ်ရင်တော့ ခေါ်လိုက်ပေ့ါ"

"မကြီး"

သားငယ်လေးက မျက်တောင်လေးကို တဖျပ်ဖျပ်ပုတ်ရင်း မကြီးမျက်နှာကို ငေးကြည့်နေ ၏။

"ဘာလဲကွ"

"သူတို့ တိုက်ကြီးက အကြီးကြီးဖြစ်ပြီးတော့ သားတို့ ခြံကျတော့ ဘာဖြစ်လို့ တဲပုတ်လေး ဖြစ်နေရတာလဲဟင်"

"မကြီးတို့ က ဆင်းရဲလို့ "

"ဘာလို့ ဆင်းရဲရတာလဲ"

"ဟဲ့ ... အမေးအမြန်းကလည်း ထူလိုက်တာ၊ ဆင်းရဲတယ်ဆိုတာ ပိုက်ဆံမရှိလို့ ပေ့ါဟဲ့"

ငယ်ထိပ်ကိုလည်း ခွပ်ခနဲနေအောင် မကြီးခေါက်လိုက်သေး၏။

"အားလားလား ... နာလိုက်တာ မကြီးရာ၊ အာလူးသီးတောင် ထ

သွားပြီ"

"ဟား ... ဟား"

မေကြီး ...

သားငယ်လေးကိုကြည့်ပြီး ရယ်လို့ မဆုံးတော့။

"ကဲ ... သွားတော့၊ ထမင်းကျက်တာနဲ့ မေကြီးလှမ်းခေါ်လိုက်မယ်၊ အဝေးကြီးမှာ လျှောက်မဆော့နဲ့ နော်၊ ကိုယ့်ခြံထဲမှာ ပဲ ကိုယ်ဆော့ ကြားလား"

"ဟုတ်ကဲ့"

"တိုက်ပျက်ကြီးဘက်ကို မသွားနဲ့ နော်"

အိမ်ပေါ်ကနေ ခုန်ပေါက်ပြေးဆင်းသွားတဲ့ သားငယ်လေးကိုကြည့်ပြီး ပင့်သက်ချလိုက်သူက ...

သူမွေးထားသော သားသုံးယောက် ...

သားကြီး မိုးတိမ်ဦး ...

သားလတ် မိုးတိမ်ယံ ...

သားငယ် မိုးတိမ်ခ ...

သားကြီးက တက္ကသိုလ်၊ သားလတ်က ဆယ်တန်း၊ သားငယ်လေးက ရှစ်တန်း၊ ကျောင်းသားတွေလေ။

အဖေက မရှိတော့ ...

သူဌေးအိမ်မှာ ဒရိုင်ဘာလုပ်ရင်း ကားချင်းတိုက်မိလို့ ဆုံးသွားတာ၊ သုံးနှစ်တောင် ပြည့်တော့ မည်။

ခြံစောင့်တဲကလေးထဲမှာ နေရတဲ့ သားအမိ လေးယောက်ရဲ့ ဘဝ။ ဆင်းရဲပေမယ့် အေးချမ်း သည် ။ ရှိတာနဲ့ လှအောင်ဝတ်၊ ရတာလေးနဲ့ ဝ အောင်စား။

ရိုးရိုးကျင့် မြင့်မြင့်ကြံ။

"မကြီး"

"ဟဲ့ ... ပလုတ်တုတ်"

ထပ်ရောက်လာတာ သားအလတ်ကောင်။

ဆယ်တန်းတက်နေတဲ့ သား။

"မုန့်ဖိုးပေး"

"လန့်လိုက်တာ သားလတ်ရယ်"

"လမ်းထဲမှာ မုန့်သွားစားချင်လို့ "

"ဟင် ... နင့်ကို မနက်တုန်းက တစ်ခါပေးပြီးပြီလေ"

"မဝဘူးဗျ"

သားသုံးယောက်ထဲမှာ အစားအပုပ်ဆုံးကောင်။

"မဝရင် ခဏလေး ထိုင်စောင့်"

"ဘာကျွေးမလို့ လဲ"

"ထမင်းလေ ... ထမင်း၊ တစ်ခါတည်း အဝစားလိုက်"

"ဟင်းကောင်းလား"

"ကောင်းပ့ါ၊ ငါးခြောက်နဲ့ ခရမ်းချဉ်သီး ငါးပိချက်"

"ဒါဆို စားမယ်ဗျာ"

"ဟို ... ဟိုဘက်ခြံက လူသစ်တွေ ပြောင်းလာတယ်ဆို"

"ဟင်"

"မင်း မသိဘူးလား"

သားလတ် ခေါင်းကိုခါနေသည် ။

"သားငယ်က လာပြောနေလို့ "

"စိတ်မဝင်စားပါဘူး"

အလတ်ကောင် စရိုက်ကတစ်မျိုး။

လူတွေနဲ့ အရောတဝင် ပတ်ပတ်သက်သက်နေလေ့ မရှိပေ။

သူ့ဟာသူ တစ်ယောက်တည်း ပန်းချီဆွဲနေတတ်၏။

"မင်း ကိုကြီးရော"

"ကျူရှင်သွားတယ်လေ"

"ထမင်းစားပြီးရင် မေကြီးကို ဆိုင်ကူထွက်ပေးဦးနော်၊ ဒီနေ့က တနင်္ဂနွေဆိုတော့ ရောင်းကောင်းမှာ သားရဲ့ "

"ဟုတ်ကဲ့ မေကြီး"

ထိုအချိန်မှာ ...

ခြံစည်းရိုးကြားထဲမှ လေးခွတစ်လက်နဲ့ ငုတ်တုတ်ထိုင်နေတာ သားငယ်လေး။

တစ်ဖက်ခြံကြီးထဲက လူတွေကို မျက်လုံးဝိုင်းကလေးတွေနဲ့ ကြည့်ပြီး အံ့ဩနေသည် ။

အသားလေးတွေက ရွှေလိုဝင်းနေကြ၏။

အဝတ်အစားတွေကလည်း အိစက်နေတဲ့ အသစ်တွေ။

လူကြီးတွေလည်း ပါသည် ။

မိန်းမကြီးတွေလည်း ပါသည် ။

ကောင်မလေးက တစ်ယောက်တည်း။

"ဟိတ် ... မပြေးနဲ့ "

"ဟင် ..."

အသားမည်းမည်း ဗိုက်ရွှဲရွှဲ လူကြီးတစ်ယောက်။

ရုပ်ကြီးကလည်း ဆိုးလိုက်တာ။

ခြံစည်းရိုးကြားထဲမှာ မိုးတိမ်ခကို မထင်မှတ်ဘဲ တွေ့သွားသည် ။

အနားကို ချက်ချင်းရောက်လာ၏။

"ဟေ့ကောင် ... ထွက်ခဲ့စမ်း"

အောင်မာ ဘာလို့ ထွက်ရမှာ လဲ ...

မထွက်ပါဘူး။

အနားကပ်လာရင် ခွနဲ့ အသေဆော်ပစ်မယ်။

"ထွက်ခဲ့လေ"

ကြမ်းတမ်းလွန်းသည် ။

မာကျောလွန်းသည် ။

ငှက်ဆိုးထိုးသံကြီးနဲ့ အော်ပြောနေ၏။

"ကဲကွာ"

"ဟာ ..."

"မပြေးနဲ့ "

"အား ..."

မိသွားပြီ။

ဦးရုပ်ဆိုးကြီး လက်ထဲကို ယက်ကန်ယက်ကန်နဲ့ ပါသွားပြီ။

"မကြီးရေ"

"မကြီး"

"မအော်နဲ့ "

လက်ကြမ်းကြီးတွေနဲ့ ပါးစပ်ကိုအတင်းပိတ်ထားသည် ။

"အူး ..."

"ဝူး ..."

"ဟား ... ဟား ... ဟား"

"လွှတ်"

"လွှတ် ..."

အတင်းရုန်းသည် ။

ရှိသမျှအားနဲ့ အတင်းတွန်းထိုးကန်ကျောက်နေတော့ ဦးရုပ်ဆိုးကြီးက တဟားဟားနှင့် အော်ရယ်လို့ မဆုံးတော့။

"ထိုင်စမ်း"

လက်ထဲက လောက်လေးခွကိုလည်း ဆွဲယူသွားပြီ။

ထိုင်စမ်း … တဲ့ ။

မထိုင်ပါဘူး။

ဘာလို့ ထိုင်ရမှာ လဲ …

"မင်း ဘယ်ကကောင်လဲကွ"

ဂျစ်ကန်ကန် ပြန်ကြည့်နေတဲ့ မိုးတိမ်ခကို ဦးရုပ်ဆိုး သဘောကျနေသည် ။

တကယ်မာတဲ့ ချာတိတ် …

သတ္တိက အပြတ်ရှိတဲ့ ပုံပင်။

လေးခွတစ်ချောင်းနဲ့ …

ခြံစည်းရိုးကြားကနေ သူတို့ ခြံဘက်ကိုချောင်းနေတာ ကြာပြီ။

ဦးဇေဒါ မသက်ာလို့ ကြည့်နေခဲ့တာပါ။

ကောင်လေးက ဆတ်ဆတ်ကြဲ ဂျစ်တစ်တစ်လေး။

"လွှတ်လေဗျာ၊ ဘာလို့ အတင်းဆွဲထားတာလဲ"

"မင်း ဟိုဘက်ခြံကလား"

"ဟုတ်တယ်"

"မင်းနာမည်ကို ပြောစမ်း"

"ခင်ဗျား ဘာလုပ်မလို့ မေးတာလဲ"

ကြည့်စမ်း …

လူကြီးများ ခင်ဗျားတဲ့ ။

တော်တော်ရိုင်းတဲ့ ချာတိတ်လေး။

"သိချင်လို့ မေးတာပေါ့ကွ"

"မိုးတိမ်ခ"

"ဘာ ... မိုးတိမ်ခ ဟုတ်လား"

နာမည်က အပျံစားအမိုက်စား ...

လူကတော့ တကယ့်ကို ပေပေတေတေရုပ်။

"နာမည်က တယ်ကောင်းပါလားကွ"

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ"

"ကြိုက်တယ်"

"ခင်ဗျားက ဘယ်သူလဲ"

အောင်မယ် ...

သူကတောင် ကိုယ့်ကိုပြန်မေးနေလိုက်သေး၏။

"ငါ့နာမည် ဦးဗေဒါ၊ ဒီနေ့မှ ဒီခြံကြီးထဲကိုပြောင်းလာတာ၊ ငါကခြံစောင့်၊ မင်းကရော"

"မုဆိုး"

"ဘာ ..."

"ငှက်တွေလိုက်ပစ်တဲ့ မုဆိုးလေ"

ရင်ကလေးကိုကော့ပြီး ဖြေနေ၏။

"မင်း တော်တော်ဆိုးမယ့်ကောင်ပဲ"

"ဟောဒီမှာ တွေ့လား၊ ကျွန်တော်ပစ်ထားတဲ့ ငှက်တွေ"

"ဟာ ..."

ခပ်စုတ်စုတ် ဂျင်းဘောင်းဘီရဲ့ ဘေးအိတ်ထဲကထွက်လာတဲ့ စာက လေးတွေ။

"အဲဒါ တစ်ချက်တစ်ကောင်ပဲ"

"ဘုရားရေ"

"မီးကင်စားရင် သိပ်ကောင်းတယ်ဗျ၊ ခင်ဗျားစားဖူးလား"

"စားဖူးပေါင်ကွာ"

"စားကြည့်မလား"

"ဟော့ကောင် ... ငရဲပြည်ကိုသွားရင် မင်းဟာမင်း တစ်ယောက်တည်းသွား၊ ငါ့ကို အဖော်မခေါ်နဲ့ ၊ ငါကအသက်ကြီးပြီ"

"ခင်ဗျားနာမည်က ဦးဗေဒါနော်"

"ဟုတ်တယ်လေကွာ"

"ဦးဗေဒါ"

"ဟေ ..."

"အရင်တုန်းက ဒီခြံထဲမှာ သရဲကြီးတစ်ကောင်ရှိတယ်"

"ဗုဒ္ဓေါ"

"ဆံပင်စုတ်ဖွားကြီးနဲ့ "

"ဟော့ကောင် … မဟုတ်ကဟုတ်ကတွေ လျှောက်မပြောနဲ့ နော်"

ဦးဖေဒါ …

သရဲဆိုရင် ကြောက်မှ ကြောက်။

"ကျွန်တော် တကယ်ပြောတာဗျ"

"ဟော့ကောင် … မင်း ဆက်မပြောနဲ့ တော့"

"မျက်လုံးကြီးတလည်လည် ပြူးလို့ "

"မင်း … မင်း"

ဦးဖေဒါ ကြက်သီးတွေတောင် တဖြန်းဖြန်းထ လာပြီ။

"ဟော ဟိုနားက တမာပင်ကြီးအောက်မှာ ၊ ညတိုင်း ငုတ်တုတ်ကြီး ထိုင်"

"တိတ်စမ်း"

ဦးဖေဒါ အော်ပစ်လိုက်၏။

ဒီကောင် …

တော်တော်ပြဿနာရှာမယ့်ကောင် …

အကြောက်အလန့်ကလည်း တစ်စက်ကလေးမှ မရှိ။

"ကျွန်တော် တကယ်ပြောတာနော်"

"မပြောနဲ့ "

"ဦးဖေဒါ သရဲကြောက်လား"

"ကြောက်တယ်၊ ဟာ … မကြောက်ပါဘူး"

ဦးဗေဒါ အသံတွေတုန်နေရ၏။

"ဦးဗေဒါ"

"ဟော့ကောင် မင်းပြန်တော့ကွာ"

"ကျွန်တော့်လေးခွ ပြန်ပေး"

"ရော့ ..."

"ဒီနေ့ကစပြီး ကျွန်တော်နဲ့ ဦးဗေဒါ ဘော်ဒါတွေဖြစ်သွားပြီနော်"

"ဟော့ကောင် ... နောက်တစ်ခါ ဒီဘက်ခြံကို မင်းမလာနဲ့ ၊ ခြံစည်းရိုးကြားထဲကလည်း လာမချောင်းနဲ့ ၊ ကြားလား၊ ဒီခြံပိုင်ရှင်တွေက ဘယ်သူနဲ့ မှ ပတ်ပတ်သက်သက်လုပ်တာ မကြိုက်ဘူး၊ ဘယ်သူနဲ့ မှလည်း ရောရောဝင်ဝင်နေမှာ မဟုတ်ဘူး "

"အဲဒါ ဘာဖြစ်လို့ လဲ"

"မင်း မမေးနဲ့ "

"ရောဂါပဲ"

မိုးတိမ်ခ မျက်နှာလေး တစ်ချက်တည်းနဲ့ ရှုံ့မဲ့သွားသည် ။

"ငါပြောတာ ကြားတယ်နော်"

"ဦးဗေဒါ"

"ပြော ဟော့ကောင်၊ မြန်မြန်ပြော"

"အခုပြောင်းလာတဲ့ လူတွေထဲမှာ ကျွန်တော်နဲ့ ရွယ်တူကောင်မလေး တစ်ယောက် ပါတယ်၊ သိပ်ချစ်ဖို့ ကောင်းတာပဲ၊ ဂါဝန်အဖြူလေးပဲ သူက ဘယ်နှတန်းလဲ"

"အောင်မာ ... မင်းကများ ရာရာစစ"

"ဝွတ်ရှယ်ပဲ"

"ဘာ ..."

"အဲဒီကောင်မလေးက ကော်ပတ်ရုပ်လေးဆိုရင် ကျွန်တော်အမြဲတက်ဆော့နေတဲ့ ရေတမာ ပင်ကြီးပေါ်မှာ ချိတ်ထားလိုက်ချင်လို့ "

"ထွီ ..."

"ကဲ ... ကျွန်တော် သွားတော့မယ်"

"ကွာ ကိုယ်တော်၊ မြန်မြန်ကွာ"

ဦးဗေဒါ ...

ပခုံးနှစ်ဖက်ကို ဆတ်ခနဲတွန့်ပစ်လိုက်ရင်း ခေါင်းကိုပါ ယမ်းခါနေလိုက်မိတော့၏။

တော်တော်ဆိုးမယ့် မိုးတိမ်ခ ...

လူကလည်း ညစ်ပတ်ပေတူးလို့ ...

ဘယ်သူ့ကိုမှ မကြောက်တဲ့ မျက်နှာ။

ဟိုဘက်ခြံကတဲ့ ...

လက်ထဲမှာ လည်း လောက်လေးခွနဲ့ ...

စာကလေးအသေကောင် ပေါက်စနလေးတွေက ဘောင်းဘီအိတ်ထဲမှာ ပြည့်လို့ ။

ဂျစ်တစ်တစ်ကောင်လေး ...

ထင်ရာစိုင်းမယ့် မျက်နှာပေါက်လေး ...

သိချင်တာတောင် သေသေချာချာ မမေးလိုက်ရ။

လှစ်ခနဲ ပျောက်သွားပြီ။

ချုံတွေကြားထဲကို တိုးဝင်သွားပြီး

တော်တော်မြန်တဲ့ ကောင် ...

ဦးဗေဒါသိချင်တာက သူတို့ ခြံတွေရဲ့ နောက်ဘက်က မီးလောင်ထားတဲ့ တိုက်ပျက်ကြီး အကြောင်းကိုပါ။

လူတစ်ရပ်စာမက မြင့်တက်နေတဲ့ ချုံတွေကြားထဲမှာ ။

ဟောင်းနွမ်းဆွေးမြည့်နေတဲ့ တိုက်ပျက်ကြီး ...

စိတ်ချောက်ချားစရာပင်။

လူတွေကလည်း တစ်ယောက်မှ ရှိပုံမရ။

အုတ်ကြွပ်ခေါင်မိုးတွေက အချပ်လိုက်ပေါက်ပြဲနေသည် ။

တိုက်နံရံတွေမှာ ...

မီးခိုးမှိုင်းတွေလိုလို ရေညှိတွေလိုလို အညိုအမည်းတွေက စွဲထင်ညစ်ပတ်နေသည် ။

ဟိုကောင်လေး ...

အဲ ... မိုးတိမ်ခဆိုတဲ့ ခပ်ဆိုးဆိုး ခပ်မိုက်မိုက်ကောင်လေး၊ ပြေးဝင်သွားတဲ့ ခြံကြီးထဲမှာ တော့ ထနိမိုး ပျဉ်ကာ သစ်သားအိမ်ကလေးတစ်လုံးပဲ ဆောက်ထားတာ တွေ့ရ၏။

ဆင်းရဲပေမယ့် ...

သူ့ဟာလေးနဲ့ သူ သပ်သပ်ရပ်ရပ်ကလေးပင်။

ဆူဆူညံညံ အသံတွေကိုမကြားရ။

တိတ်ဆိတ်ငြိမ်သက်နေသည် ။

ဒါကြောင့်လည်း ဆရာဦးနေဗလ ဒီနေရာကို တမင်ရွေးဝယ်လိုက်တာပဲနေမှာ ။

ကောင်းပါတယ်လေ ...

ပတ်ဝန်းကျင်က လူတွေနဲ့ သိပ်မပတ်သက်ချင်တဲ့ ဆရာဦးနေဗလအတွက်ကတော့ ဒီလို နေရာမျိုး ဒီလိုခြံကျယ်ကြီးမျိုးထဲမှာ နေတာ အကောင်းဆုံးပဲပေါ့။။

တွေးရင်းနဲ့ ပင့်သက်ချလိုက်တာ ဦးဇေဒါ။

***

# အခန်း(၂)

ခြံစည်းရိုး ချုံတွေကြားထဲကို မိုးတိမ်ခ ရောက်နေပြန်ပြီး သူစိတ်ဝင်စားနေတာ ဟိုတစ်နေ့က တွေ့လိုက်တဲ့ ဂါဝန်အဖြူနဲ့ ကောင်မလေး။

"ဟော ..."

တွေ့ပြီ။

အနီရောင် စက်ဘီးကလေးနဲ့ ။

ခြံထဲမှာ လျှောက်စီးနေသည် ။

"ဟိတ်"

မိုးတိမ်ခ ခပ်တည်တည် ဝင်သွားလိုက်သည် ။

"ဟယ်"

"နေဦး"

စက်ဘီးကို အတင်းဆွဲထားလိုက်တော့ ကောင်မလေး တအားကြောက်သွားသည် ။

"နင် ... နင် ... ဘယ်သူလဲဟင်၊ ဘာဖြစ်လို့ ငါ့စက်ဘီးကိုဆွဲထားတာလဲ"

"ငါလည်း စီးမယ်"

"ဟာ ... ဘာဖြစ်လို့ စီးရမှာ လဲ၊ နင့်ကိုမှ ငါမသိတာ၊ ဒါင့်ါစက်ဘီး"

"ငါနင့်ကို တွန်းပေးမယ်လေ"

"မသိဘူး၊ မသိဘူး၊ နင်မဖယ်ရင် ငါအော်မှာ ပဲ၊ ဒါငါတို့ ခြံ၊ ဦးဗေဒါကြီးသိရင် နင်အရိုက်ခံရ လိမ့်မယ်"

"လုပ်မနေနဲ့ ၊ ဂရုမစိုက်ဘူး"

"ဘာ ..."

"နင်ငါ့ကို ဒီနေ့ကစပြီး ကြောက်ရမယ်"

"အောင်မယ် ... ဘာဖြစ်လို့ ကြောက်ရမှာ လဲ၊ တစ်သက်လုံး မကြောက်သေးဘူး"

"ငါနေတာ ဟိုဘက်ခြံ"

"ဟိုဘက်ခြံ"

"ဟုတ်တယ်၊ နင်တို့ စပြောင်းလာတဲ့ နေ့ကတည်းက နင့်ကိုငါတွေ့တယ်၊ နင်ဝတ်ထားတာ ဂါဝန်အဖြူလေးလေ"

"နင် ဘယ်နားကကြည့်နေတာလဲ"

"ဟိုခြံစည်းရိုးကြားထဲက"

လက်ညှိုးထိုးပြီး ပြလိုက်သည် ။

"ငါမတွေ့ပါဘူး"

"ဘယ်တွေ့မလဲ၊ ငါကဘယ်သူမှ မသိအောင် ခိုးကြည့်နေတဲ့ ဥစ္စာ"

"မသိဘူးဟာ၊ ငါသွားတော့မယ်"

"မသွားနဲ့ "

အဲဒါ မိုးတိမ်ခရဲ့ အကျင့်ပဲ။

ပေကပ်ကပ် ဂျစ်ကန်ကန်လုပ်တာ မိုးတိမ်ခရဲ့ ဝါသနာ။

"နင့်စက်ဘီးကိုငါ တစ်ခေါက်စီးရမှ ကျေနပ်မယ်၊ ပေးမစီးရင် ဟော ဒီမှာ တွေ့လား"

"ဟင် … အဲဒါ ဘာကြီးလဲ"

"လေးခွလေ၊ လေးခွတောင် နင်မမြင်ဖူးဘူးလား"

"ဟင့်အင်း"

"အဲဒါနဲ့ ဟောဒီလိုပစ်လိုက်ရင် နင်အီစလံဝေသွားမယ်၊ ဘာမှတ်လဲ"

မိုးတိမ်ခ …

သားရေကြိုးကိုဆွဲပြီး အစမ်းပစ်ပြလိုက်၏။

"နင် စာကလေးမီးကင် စားဖူးလား"

"စာကလေး မီးကင်"

"ဟုတ်တယ်၊ စာကလေးမီးကင်၊ စာကလေးကို အမွေးနုတ်စာက လေး ရင်ဘတ်ကို ဓားနဲ့ ခွဲ၊ ဆားနဲ့ နနွင်းနဲ့ နယ်၊ ဆီကလေးသုတ် ပြီးရင် တုတ်နဲ့ ထိုး"

"ဝေါ့ …"

ကောင်မလေး မျက်နှာ တအားရှုံ့မဲ့သွားသည် ။

"ဒီလေးခွနဲ့ ပစ်ရင် စာကလေးတွေ အများကြီးရတယ် နားလည် လား၊ နင် စားချင်ရင်ပြော၊ ငါပစ်ပေးမယ်"

"မစားချင်ပါဘူး"

"နင်ငါ့ကို မခင်ဘူးလား"

"မခင်ဘူး"

"မရဘူး ခင်ရမယ်"

"ဟဲ့ ... နင့်ကိုမှ ငါမသိတာ"

"အခု သိနေပြီလေ"

"သိ ... သိ၊ ဘာလို့ ခင်ရမှာ လဲ"

"မရဘူး၊ ခင်"

"မခင်ဘူးနော်"

ဒေါကန် လာပြီ။

ခေါင်းမာတဲ့ ကောင်မလေး။

"ကဲ ..."

"ဟင် ..."

ကောင်မလေးခေါင်းမှာ ပန်ထားတဲ့ ပန်းအဝါရောင်ပွင့်လေးကို ဆိုးခနဲ ဆတ်ခနဲ ဆွဲဖြုတ် ပစ်လိုက်ပြီ။

"နင် ... နင်"

ကောင်မလေး မျက်လုံးလေးတွေ ဝိုင်းသွားသည် ။

"ဒါနင်နဲ့ ငါနဲ့ စကားစပြောတဲ့ နေ့ အမှတ်တရလက်ဆောင်၊ ကဲ ... ငါယူသွားပြီ"

လှစ်ခနဲ ...

ရိပ်ခနဲ ...

ချုံတွေကြားထဲ ပြန်ဝင်သွားသည် ။

ဒါ... မနက်ပိုင်းအခြေအနေ။

ညနေပိုင်းကျတော့တစ်ခါ။

"ဟိတ် ..."

"ဟင် ..."

"ငါနင့်ကို နေ့လယ်က တစ်ခေါက်လာကြည့်သေးတယ်"

မနက်က ဝတ်စုံလေးမဟုတ်တော့ ...

သည် တစ်ခါဝတ်စုံက တစ်မျိုး၊ အဝါရောင်လေး။

"နင်ဘာလို့ ခြံထဲကိုဆင်းမလာတာလဲ"

"ငါအိပ်နေတာ"

"ဒီမှာ ကြည့်စမ်း"

"ဟယ် ..."

"ဆီးသီးတွေ"

မိုးတိမ်ခရဲ့ ဘောင်းဘီအိတ်ထဲမှာ အပြည့်။

"ငါစားလိုက်လို့ ရမလား"

"ရတာပေါ့"

"ဒါတွေ နင်ဘယ်က ခူးလာတာလဲဟင်"

"ဟိုအနောက်က တိုက်ပျက်ကြီးနားမှာ "

"အများကြီးလား"

"အများကြီး ခူးလို့ တောင်မကုန်ဘူး"

"ငါသွားခူးချင်လိုက်တာ"

"ခူးချင်ရင် လိုက်ခဲ့"

ခင်သွားတော့လည်း ချက်ချင်း ...

အိုက်တင်တွေ ဘာတွေတောင်မခံတော့။

ဆူးချုံပင်တွေအောက်မှာ ။

မိုးတိမ်ခ အမြဲအဝင်အထွက်လုပ်နေကျ၊ လူတစ်ကိုယ်စာ ဝင်ပေါက် တစ်ခုရှိသည် ။

တိုက်ပျက်ကြီးဆီကို သွားတဲ့ လမ်း။

"ဟဲ့ ..."

"ဘာလဲ ... နင်ဘာဖြစ်လို့ လဲ"

"နင့်ဟာက ဘယ်သူမှ လည်း မရှိဘူး၊ ကြောက်စရာကြီး"

"အောင်မာ ... ဒါငါတစ်ယောက်တည်း အမြဲဆော့နေတဲ့ နေရာ၊ အရမ်းပျော်ဖို့ ကောင်းတယ်၊ ဆီးသီးတွေလည်း အများကြီး၊ ခရေတွေလည်း ကောက်လို့ ရတယ်"

"ဟင့်အင်း ... ငါကြောက်တယ်"

"ဟိုမှာ တွေ့လား ဆီးသီးတွေ"

"ဟင် ..."

"အပင်ကိုလှုပ်ချလိုက်တာနဲ့ မှ ည့်နေတဲ့ အလုံးတွေကျလာရော"

နှစ်ယောက်ပြိုင်တူ အပြေးအလွှား ရောက်သွားသည် ။

"လှူပ် ... လှူပ်"

"ဟေး ..."

"ကြွေကျ လာပြီကွ"

တဖြုတ်ဖြုတ်ကြွေကျလာနေတဲ့ ဆီးသီးတွေ။

ကောက်လို့ မနိုင်။

"ဟာ ... အရမ်းချိုတာပဲ"

တကြွပ်ကြွပ်ဝါးစားရင်း ကောင်မလေးပျော်နေသည် ။

ကြောက်စိတ်မရှိတော့။

ဆီးသီးအရမ်းကြိုက်တဲ့ ကောင်မလေး။

ပါးဖောင်းဖောင်းလေးတွေနဲ့ ပလုတ်ပလောင်းစားနေသည် ။

"ကောက်ဦးလေဟာ"

"တော်ပြီ၊ ဗိုက်ပြည့်သွားပြီ"

"နင်နဲ့ ငါနဲ့ သူငယ်ချင်းတွေဖြစ်သွားပြီနော်"

"ဖြစ်သွားပြီ"

ကောင်မလေးက ပါးချိုင့်လေးတွေခွက်သွားအောင် ပြုံးရင်း သဘောတူလိုက်၏။

"ငါ့နာမည်က မိုးတိမ်ခ"

"ဟုတ်လား၊ နင့်နာမည်လေးက သိပ်မိုက်တာပဲ"

"နင့်နာမည်ကို ပြောဦးလေဟာ"

"ငါ့နာမည် ..."

"ဟုတ်တယ်၊ လူချင်းက အရမ်းခင်သွားပြီးတော့ နာမည်က ခုထိမသိရသေးဘူး"

"အေးပါဟာ၊ ငါ့နာမည်ကိုလည်း ငါပြောမှာ ပေါ့"

"ပြော"

"ငါ့နာမည်က ရင်ခွင်ချိုတဲ့ "

မိုးတိမ်ခ ရင်ထဲမှာ ရင်ခွင်ချိုဆိုတဲ့ နာမည်လေးက ပွဲတင်ရိုက်ခတ်သွားသည် ။

အရမ်းလှတဲ့ နာမည်လေးပဲ။

"နင်ငါ့ကို တကယ်ခင်တာနော်"

"အေး"

"နောက်ဆိုရင် တို့ နှစ်ယောက် အတူတူ ဆော့လို့ ရပြီနော်"

"ရပြီ"

ဝမ်းသာနေတာ မိုးတိမ်ခ ...

သူနဲ့ ဆော့မယ့်ကစားဖော်တစ်ယောက် လိုအပ်နေတာ ကြာခဲ့ပြီမဟုတ်ပါလား။

"ရင်ခွင်ချို"

"ဟင် ..."

"ဒါမီးလောင်ထားတဲ့ တိုက်ပျက်ကြီးလေ"

"ကြောက်စရာကြီးနော်"

တိုက်ပျက်ကြီးကို မော့ကြည့်ပြီး အသံတုန်တုန်လေးနဲ့ သူမ ပြောနေသည် ။

"လာ ... နင့်ကို ငါလိုက်ပြမယ်"

"ဟာ ... ငါ မလိုက်ရဲပါဘူး"

"အပေါ်ရောက်ရင် နင် အရမ်းအံ့ဩသွားမယ်"

"ဘာရှိလို့ လဲ"

"ပန်းချီပုံတွေ"

"ပန်းချီပုံ ..."

"ဟုတ်တယ်၊ ငါ့ကိုလတ် ဆွဲထားတာ၊ အရမ်းလှတာပဲ"

"ကိုလတ် ဟုတ်လား၊ ဘယ်က ကိုလတ်လဲ"

"ငါ့ အစ်ကိုပေ့ါဟ၊ ငါ့မှာ အစ်ကိုနှစ်ယောက်ရှိတယ်၊ တစ်ယောက်က ကိုကြီး၊ တစ်ယောက်က ကိုလတ်"

"ဟယ် ... ပျော်စရာကြီး"

"သူတို့ က နင့်ကိုခင်မှာ မဟုတ်ဘူး "

"ဟင် ... ဘာဖြစ်လို့ လဲ"

"စတယ်ကြီးတွေ"

"စတယ်ကြီး ဟုတ်လား၊ အဲဒါ ဘာကိုပြောတာလဲ၊ ငါနားမလည်ဘူး
"

"ခပ်တည်တည်နဲ့ နေတာကို ပြောတာဟ"

"မာနကြီးလို့ လား"

"ကြီးတယ်"

"ဟင် ... မခင်လည်း နေပေ့ါ"

နှုတ်ခမ်းလေးစူပြီး မျက်နှာလေးကပါ ရှုံ့မဲ့သွား၏။

ပြီးတော့ ခေါင်းကလေးကိုပါ ဆတ်ခနဲ ခါပစ်လိုက်သေး၏။

"နင် မကြောက်နဲ့ နော်၊ ဒီတိုက်ပျက်ကြီးပေါ်မှာ ငါတစ်ယောက်တည်း အမြဲ ဆော့နေကျ၊ လာ ... နင့်ကို ငါပြမယ်"

ဆွေးမြည့်နေတဲ့ ကြောင်လိမ်လှေကားကြီးအတိုင်း မိုးတိမ်ခက ဦးဆောင်ပြီး တက်လာသည် ။

"ဟိုမှာ ကြည့်လိုက်စမ်း"

"ဟယ် ..."

နံရံပေါ်မှာ ကပ်ထားတဲ့ ပန်းချီပုံတွေ။

"ကဲ ... နင်ယုံပြီလား"

"ဒါနင့်ကိုလတ်ဆွဲတာ"

"ဟုတ်တယ်၊ ငါ့ကိုလတ်က ပန်းချီဆွဲတာ အရမ်းတော်တယ်၊ ဒါဒီမှ သူတစ်ယောက် တည်း လာဆွဲရင်းနဲ့ နံရံမှာ တစ်ခါတည်းကပ်ထားခဲ့တာ"

လူမရှိတဲ့ တိုက်ပျက်ကြီးပေါ်မှာ တစ်ယောက်တည်း ပန်းချီလာဆွဲရင်း ကပ်ထားခဲ့တာတဲ့ ။

မကြောက်ဘူးလား မသိဘူး။

"တစ်ခါတလေ ဆော့ရင်းနဲ့ ဒီအပေါ်မှာ ပဲ ငါအိပ်ပျော်သွားရော"

"သရဲခြောက်မှာ ပေါ့"

"အောင်မယ် ... ခြောက်ရဲခြောက်ကြည့်ပါလား၊ ဒီလေးခွနဲ့ အသေဆော်ပြီးသားပဲ"

မိုးတိမ်ခ ...

လေးခွကို ဘယ်တော့မှ လက်ထဲကမချ။

"ဘာနံ့ကြီးလဲ မသိဘူးနော်"

"အထဲမှာ ပစ္စည်းဟောင်းတွေ ရှိတယ်ဟ

"တော်ပြီ၊ မကြည့်ချင်တော့ဘူး"

"လာ ... ဟိုဘက်က ပြန်ဆင်းမယ်"

ရှေ့ဘက်လှေကား ...

မသုံးတာကြာတော့ ရေညှိတွေနဲ့ ချောချင်နေပြီ။

"အပေါ်မှာ ရော အောက်မှာ ပါ အခန်းတွေအများကြီးရှိတယ်၊ နောက်တစ်ခါကျမှ နင့်ကိုငါ သေသေချာချာလိုက်ပြမယ် "

"ဖလပ် ..."

"ဖလပ် ..."

"ဟာ ..."

"မကြောက်နဲ့ ၊ အဲဒါ လင်းဆွဲကြီးတွေ"

အရေးထဲ လင်းဆွဲကြီးနှစ်ကောင်က ဝုန်းခနဲ ထပျံလိုက်တော့ ...

"မပြေးနဲ့ "

"ချော်လဲလိမ့်မယ်"

မိုးတိမ်ခ အတင်းပြေးလိုက်ရ၏။

တိုက်ပျက်ကြီးရှေ့က ကွက်လပ်မှာ သူမကိုမီသွားသည် ။

"ဟောဟဲ ..."

"ဟောဟဲ ..."

ရင်ခွင်ချို မောနေသည် ။

တိုက်ပျက်ကြီးက ကြောက်စရာကြီး။

မီးလောင်ထားတဲ့ ပစ္စည်းတွေက တစ်တိုက်လုံးမှာ ပြန့်ကြဲနေသည် ။ ကြွက်သေပုပ်နံ့တွေလည်း ရနေ၏။

အနံ့အသက်တွေက မကောင်း ...

လင်းဆွဲကြီးတွေ ထွက်လာတော့ ပိုဆိုးသွားသည် ။

"နင် ... နင် ... အရမ်းကြောက်သွားလားဟင်"

"တော်ပြီ ... နောက်မလာတော့ဘူး"

သူမ ...

တကယ်ကြောက်သွားတဲ့ ပုံစံ ...

နဖူးပြင်လေးပေါ်မှာ တောင် ချွေးလေးတွေစို့သွားရ၏။

"မကြောက်ပါနဲ့ ဟ၊ လင်းဆွဲကြီးတွေက သူ့ဘာသာသူနေတာပါ၊ ငါဆို လင်းဆွဲကြီးတွေကို ဘယ်တော့မှ မပစ်ဘူး၊ သူတို့ က အထပ်ခိုးပေါ်မှာ နေတာ"

"အထပ်ခိုး"

ရင်ခွင်ချိုမျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ပြီး မိုးတိမ်ခကို ပြန်ကြည့်နေသည်။

"ဟုတ်တယ်၊ အပေါ်မှာ မျက်နှာကြက်အထပ်ခိုးရှိတယ်၊ မကြီး ငါ့ကိုလိုက်ရိုက်ရင် အဲဒီအထပ်ခိုးပေါ်မှာ ငါတက်အိပ်နေလိုက်တာပဲ၊ ကြိုက်သလောက်ရှာ၊ ငါ့ကို ဘယ်သူမှ ရှာလို့ မတွေ့တော့ဘူး၊ အဲဒီအပေါ်ကို တက်ချင်ရင် လျှို့ဝှက်လှေကားနဲ့ တက်ရတယ်၊ အဲဒီ လျှို့ဝှက် လှေကားကို ငါတစ်ယောက်ပဲသိတယ်"

"နင်က ဘယ်လိုလုပ်သိသွားတာလဲ"

"ကျီးကန်းဥ တက်နှိုက်ရင်းနဲ့ သိတာ"

"နင် တော်တော်ဆိုးတာပဲ"

"ဒီထက်ဆိုးတာတွေ အများကြီး"

"ဟင် ... ဒီထက်ဆိုးသေးတယ်"

"ဆိုးတာပေ့ါ၊ ဒီပတ်ဝန်းကျင်မှာ ငါ့ကိုနိုင်တဲ့ လူ တစ်ယောက်မှ မရှိဘူး၊ ရွယ်တူတွေ အားလုံးက ငါ့ဆိုရင် ကြောက်ရတယ်၊ ငါက ဘယ်နေရာမဆို အနိုင်ရမှ ကျေနပ်တဲ့ ကောင်၊ ဘယ်သူ့ကိုမှ အရှုံးမပေးဘူး"

"ဒါဆို နင်ခဏခဏရန်ဖြစ်မှာ ပေ့ါ"

"ဖြစ်တာပေ့ါ"

မိုးတိမ်ခ ရင်ကလေးကော့ပြီးဖြေလိုက်၏။

"အေး ... နင် သူများ တွေကိုပဲနိုင်လို့ ရမယ်၊ ငါ့ကိုတော့ နင်ဘယ်တော့မှ နိုင်လို့ ရမှာ မဟုတ်ဘူး ၊ နင့်ကိုငါမကြောက်ဘူး"

"ကြောက်ရမယ်"

"မကြောက်ဘူး"

"မကြောက်ရင် နောက်နေ့ကစပြီး နင်နဲ့ လာမဆော့တော့ဘူးနော်"

"နေပေ့ါ"

သူမ ချာခနဲ လှည့်ပြေးပြီ။

"အား ..."

ခြေလှမ်း ဘယ်နှလှမ်းမှ မပြေးလိုက်ရ ...

ရင်ခွင်ချို့ရဲ့ ခြေထောက်နုနုလေးကို ဆူးစူးသွားပြီ။

ဆီးခက်ဆူး ...

"ကောင်းတယ်၊ အဲဒါ ထွက်ပြေးဦး"

သွေးတွေက ချက်ချင်းစီးကျလာ၏။

"အား ကျွတ် ကျွတ်"

"နင့်ခြေထောက်ကလည်း နုလိုက်တာ၊ ဒီဆူးလေးတောင်မခံနိုင်ဘူး"

"နာတယ်ဟ"

"လုပ်မနေနဲ့ ၊ ဖုန်သိပ်လိုက်"

"သွားတော့မယ်ဟာ"

ထော့နဲ့ ထော့နဲ့ ပြန်သွားပြီ။

ခြံစည်းရိုးနောက်မှာ မိုးတိမ်ခ တစ်ယောက်ပဲ ကျန်နေခဲ့သည် ။

မိုးချုပ်တော့မည်။

ငှက်ကလေးတွေ အိပ်တန်းတက်ကြတော့မည်။

"သားငယ်ရေ"

"သားငယ်"

"ထမင်းစားတော့မယ်"

"ဟင်"

ဒါမေကြီးရဲ့ အသံပဲ။

မေကြီး သူ့ကိုလိုက်ရှာနေပြီ။

ခုမှ ...

ဗိုက်ထဲက တကြုတ်ကြုတ်မြည်နေပြီ။

ရင်ခွင်ချိုတို့ ရဲ့ ခြံကြီးကို လှမ်းကြည့်လိုက်တော့ တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်နေသည် ။

တကယ်တော့ ...

ခြံကြီးရဲ့ အတွင်းပိုင်း တိုက်အိမ်ကြီးထဲမှာ အလုပ်ရှုပ်နေတာ ဦးဇေဒါ။

အပျင်းဖျားနေတာ ဦးနေဗလ။

သူ့အနားကို ဘယ်သူမှ မကပ်ရဲကြ။

ယောင်လို့ တောင် မသွားရဲကြ။

လူယုံတော်ကြီး ဦးဇေဒါ တစ်ယောက်ပဲ ကပ်ရဲ သွားရဲသည် ။

ဘယ်သူမှ လည်း ဦးနေဗလကိုပြုစုခွင့်မရှိ။

အော်နေသည် ။

ဦးနေဗလ ပေါက်ကွဲနေသည် ။

အရွယ်ကငယ်ငယ် ...

ရင်ဆိုင်ရတဲ့ သောကဝေဒနာတွေကများများ ။

ပိုက်ဆံချမ်းသာပေမယ့် စိတ်က ချမ်းသာခြင်းမရှိ။

အတွင်းသိ အစင်းသိဖြစ်နေတာ ဦးဇေဒါတစ်ယောက်တည်း။

***